

# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်

## သိသင့်သည့် သောသီတောအူး ဌာနေလူမျိုးစုများဥယျာဉ် အခြေခံအကြောင်းအရာလက်စွဲ

ဒီဇင်ဘာ ၂၀၂၃ ခုနှစ်

# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်
# သိသင့်သည့် သောသီတောအူး ဌာနေလူမျိုးစုများဥယျာဉ် အခြေခံအကြောင်းအရာလက်စွဲ


စုပေါင်းထုတ်ဝေသူအဖွဲ့
သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်
နှင့်
ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ရှားမှုကွန်ယက်

ဘာသာပြန်သူ- စောနေသားမူး

တည်းဖြတ်သူ- နော်ဆိဆိ

ဒီဇင်ဘာ၊ ၂၀၂၃ ခုနှစ်



မူပိုင်ခွင့်
သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်
နှင့်
ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလုပ်ရှားမှုကွန်ယက်



ပုံနှိပ်တိုက်
WANIDA Press, ချင်းမိုင်မြို့, ထိုင်းနိုင်ငံ

# မာတိကာ


၂ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ ဆိုလိုရင်းအဓိပ္ပါယ်သည် အဘယ်နည်း။

၅ အဘယ်အတွက်ကြောင့် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်ကို တည်ထောင်ရ သနည်း။

၁၀ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ မျှော်မှန်းချက်နှင့်ရည်မှန်းချက်ပန်းတိုင်

၁၁ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် မည်သည့်နေရာတွင် တည်ရှိသနည်း။

၁၂ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏အချိန်ဇယားအလိုက်လှုပ်ရှားမှုဆောင် ရွက်မှုများ

၂၀ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်ရှိ စိတ်ဝင်စားဖွယ်နေရာ နှင့် အထူးသတ်မှတ် နေရာများ

၂၇ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် ကမ္ဘာကုလသမဂ္ဂအဆင့် စံပြအဖြစ်ဂုဏ်ပြုခံရခြင်း

၃၁ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်နှင့်ပတ်သက်သည့်အကြောင်းအရာအနှစ်ချုပ်

## သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ ဆိုလိုရင်းအဓိပ္ပါယ်သည်အဘယ်နည်း။

မြန်မာဘုရင်တို့၏ ပဒေသရာဇ်ခေတ်မှစ၍ ဗြိတိသျှကိုလိုနီခေတ်၊ မြန်မာအာဏာရှင် အစိုး ရအုပ်ချုပ်ရေးခေတ် စသည့်ခေတ် အဆက်ဆက်တို့တွင် တောအူးခရိုင်အတွင်း နေထိုင်သည့် ဌာနေလူမျိုးစုတို့သည် ဖိနှိပ်မှုအမျိုးမျိုး နှင့် စိန်ခေါ်မှုများစွာကို ခံစားလာနေခဲ့ရသည်။ အာဏာရှင် အုပ်ချုပ်ရေးစနစ်မှ ဖြစ်တည်လာသည့်ဖိနှိပ်မှုများ၊ အဂတိလိုက်စားမှုများ၏ အောက်တွင် ရှင်သန်ရသည့် ဌာနေတိုင်းရင်းသားများအတွက် ဝမ်းနည်းဖွယ်ရာမချိမဆန့်ခံစားလာခဲ့ရပြီး၊ အိမ်မက်ဆိုးများဖြင့် ပြည့်ကျပ်နေလျက်ရှိသည့် အတွေ့အကြုံကိုကြုံဆုံခဲ့ရပါသည်။ ပြည်တွင်း စစ်သည်လည်း ဌာနေလူမျိုးစုများအတွက် မကောင်းဆိုးဝါး အကြောက်တရားကို ယူဆောင် လာသည့်အရာဖြစ်သည့်အားလျှော်စွာနှစ်ပေါင်းများစွာကြုံဆုံနေရဆဲအရာဖြစ်သည်။ မတရားဥပဒေ ကိုအခြေခံပြီး ဖိနှိပ်အနိုင်ကျင့် ကြီးစိုးနေမှုတို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်စီမံမှုအောက်တွင်ရှိသော ဌာနေလူမျိုးစုများတို့သည် ၎င်းတို့ဌာနေအတွင်းရှိ ပြည့်နှက်နေ သည့် သဘာဝသံယံဇာတ အမျိုးမျိုး နှင့် တန်ဖိုးရှိ ရိုးရာယဉ်ကျေးမှုထုံးတမ်းဓလေ့အမျိုးမျိုးတို့သည် ပျက်စီးခံရမည့်အရေးမှ ကြုံနေရသည့်အပေါ်အလွန်ပင်စိုးရိမ်မှုမြင့်တက်လာနေကြသည်။



ဒေသခံဌာနေလူမျိုးစုများ၊ တောအူးခရိုင်ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များတို့သည်ညီညွတ်သောစုပေါင်းဆောင်ရွက်မှုဖြင့်ပြည့်ဝသောကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တည်လာရန်အတွက်တွေ့ဆုံတိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခဲ့၍ ရှေ့လုပ်ငန်းအစီအစဉ်များကိုရဲရင့်စွာ ရေးဆွဲပြီး ဘိုးဘွားပိုင်အမွေအနှစ်နယ်မြေများကို ကာကွယ်ထိန်းသိမ်းရန်အတွက် လက်ရှိသိရှိရသည့် "သောသီတော အူးဌာနေလူမျိုးစုများဥယျာဉ်"ကို ကမကထပြု တည်ဆောက်ခဲ့သည်။ သောသီတော အူးဌာနေ လူမျိုးစုများဥယျာဉ်သည် တောအူးခရိုင်တွင်းရှိဌာနေလူမျိုးစုများတို့မှ စုပေါင်းစီမံ ဆောင် ရွက်သည့် အခြေခံဦးတည်ချက်တစ်ရပ်ဖြင့် ဘိုးဘွားဘီဘင်လက်ထက်မှနေပြီး ခေတ်အဆက်ဆက် ဌာနေလူမျိုး စုများ တွေ့ကြုံရသည့် အမျိုးသားတန်းတူညီမျှအခွင့်အရေးလျစ်လျူရှုခံရမှုများ၊ မတရားဖိနှိပ်လွှမ်းမိုးချယ်လှယ်အုပ်ချုပ်စီမံသည့်မူဝါဒများ ကျော်လွှား (ပြောင်းလဲ)နိုင်ရန် စသည့်အ ခြေအနေမှ အဘက်ဘက်ပူးပေါင်းပါဝင် ဆောင်ရွက်မှုအခြေခံသော ဒေသခံဌာနေလူမျိုးစုများကို အခွင့်အာဏာ ပေးခြင်း၊ ဌာနေလူမျိုးစုများအခွင့် အရေးကိုလေးစားလိုက်နာခြင်း၊ သဘာဝပတ် ဝန်းကျင်ဆိုင်ရာအခွင့်အရေးထိန်းသိမ်းကာကွယ်ခြင်းနှင့်အတူစစ်မှန်တည်တံ့ခိုင်မာရှင်သန်သည့် ငြိမ်းချမ်းရေးကို ယနေ့ခေတ်မျိုးဆက်သာမက နောင်လာမည့်မျိုးဆက်များအတွက် လက်ဆင့်ကမ်း နိုင်ရန်ဖြစ်သည်။ ဤနယ်မြေသည်ဘိုးဘွားပိုင်နယ်မြေတည်ရှိရာအရပ်ဖြစ်သည့်အားလျော်စွာ နှစ်ပေါင်း (၇၀) ကျော်ခါးသီးစွာကြုံဆုံလာခဲ့ရသောစစ်ပွဲနှင့်ပဋိပက္ခများတို့ဖြေလျော့အ ဖြေရှာနိုင် ရန် ဟူသောကြီးမားသည့်မျှော်မှန်းချက်များဖြင့်နောက်လာမည့်မျိုးဆက်သစ်များတို့သည်လက်ရှိကြုံတွေ့နေရသည့်အရာများတို့မှရှောင်လွှဲနိုင်ရန်နှင့်အနာဂါတ်တွင်ငြိမ်းချမ်းစွာနေထိုင်နိုင်ရန်အတွက်ဖြစ်သည်။





သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်ကို တည်ထောင်သည့်နေရာသည် တောအူးခရိုင်၊ ကော်သူးလေတွင်ဖြစ်သည်။ သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်သည် ဌာနေလူမျိုးစုတို့မှ ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး ဒီမိုကရေစီသဘောတရားအရ လူထုအများသဘောဆန္ဒကိုရယူသည့် နည်းလမ်းဖြင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး၊ အုပ်ချုပ်ရေး နှင့် ဆုံးဖြတ်ချက်ချမှတ်ရေးတို့သည် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ဒေသခံလူထုမှပိုမိုပါဝင်သော ခေါင်းဆောင်မှုဖြင့် အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲမှုကို အားပေးတည် ဆောက်သည့်လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်၏ စီမံအုပ်ချုပ်မှုသည် အနာဂါတ်မြန်မာပြည်၌ မျှော်မှန်းသည့် စစ်မှန်သည့် ပြည်ထောင်စုလမ်းစဉ် (ဖက်ဒရယ် ဒီမိုကရေစီ)ကို ပိုမိုပြည့်စုံလာအောင်အထောက်အကူပြုသည်သာမက မှန်ကန်ကြောင်း ကိုလည်း သက်သေ ထူပေးနေပါသည်။

*ဗမာ့ပဒေသရာဇ်မင်းများ၊ နယ်ချဲ့ဗြိတိသျှကိုလိုနီများ၊ တဆက်တည်း ပါတီနိုင်ငံရေး နှင့် ကမ္ဘာ့ကုလသမဂ္ဂအသိအမှတ်ပြုအစိုးရများမရှိသည့် အချိန်ကတည်းကပင် ဌာနေတိုင်းရင်းသားများတို့သည် မိမိကိုယ်မိမိအုပ်ချုပ်နိုင်ပြီး နေရာဒေသတခုအတွင်း တွင်လည်းကောင်း၊ ကျေးရွာများတွင်လည်းကောင်း ကိုယ်ပိုင်အုပ်ချုပ်ရေးများချမှတ်ကျင့်သုံးမှုများ ရှိနှင့်နေပြီးဖြစ်သည်။*

ပဒိုစောအယ်ဝါး၊ ကော်မတီခေါင်းဆောင်၊
သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်

# အဘယ်အတွက်ကြောင့် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်ကို တည်ထောင်ရသနည်း။

တောအူးခရိုင်သည်လည်း ကော်သူးလေအတွင်းရှိ အခြားခရိုင်များနည်းတူ၊ နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများ နှင့် ပဋိပက္ခများစွာကို ကြုံဆုံရသည်။ ပြည်တွင်းစစ်အနိဋ္ဌာရုံ နှင့် ပဋိပက္ခများကြောင့် သေကြေမှုများ၊ ထိခိုက်ဒဏ်ရာရမှုနှင့်ပျက်စီးဆုံးရှုံးမှုအမျိုးမျိုးကြုံဆုံရသည်သာ မက၊ နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အခက်အခဲမှာ မြန်မာစစ်တပ်၏ အကြမ်းပတမ်းဝင် ရောက်နေ ရာယူ၍ ကြီးမားသည့်စီမံကိန်းဖြစ်သော ရေလှောင်တမံတည်ဆောက်ခြင်းကြောင့် အစုလိုက်အပြုံ လိုက်ရွှေ့ပြောင်းနေထိုင်ရခြင်း၊ မတရားလယ်ယာမြေသိမ်းပိုက်ခံရခြင်း၊ မြစ်ရေစမ်းချောင်းများပျက် စီးခြင်း၊ ရိုးရာယဉ်ကျေးမှုထုံးတမ်းဓလေ့အမွေအနှစ်များ နှင့် ဘာသာရေးဆိုင်ရာဌာနေလူမျိုးစုများ အထွက်အမြတ်ထားသောနေရာများ၊ တောရိုင်းတိရစ္ဆာန်များ အစရှိသမျှတို့သည် တောအူးခရိုင် အတွင်းရှိ ဒေသခံဌာနေလူမျိုးစုများ အတွက် အကြောက်တရားနှင့် မတရားမှုများ စွာကို ကြုံဆုံစေခဲ့ သည်။



ထိုနည်းတူ မြန်မာအကြမ်းဖက်စစ်တပ်မှ ဖေဖော်ဝါရီ (၁)ရက်၊ (၂၀၂၁) ခုနှစ်တွင် အတင်း အဓမ္မ တိုင်းပြည်အာဏာကို သိမ်းယူသည့်နောက်ပိုင်းတွင် မြန်မာစစ်တပ်နှင့်ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှု သည် တစ်တိုင်းပြည်လုံးအတိုင်းအတာ ပျံ့နှံ့သွားသည်။ တောအူးခရိုင်အတွင်းရှိ သောသီတောအူး ဌာနေလူမျိုးစုများဥယျာဉ်သည်လည်း ဖြစ်ပေါ်လာသည့် နိုင်ငံရေးအခြေအနေကို ကျော်လွှားရ၍ မရ သည့်အတွက်ကြောင့် ဒေသခံဌာနေလူမျိုးစုတို့သည် လက်နက်ကိုင်ပဋိပက္ခကို ရင်ဆိုင်ရပြီး၊ ခရီး သွားလာခြင်းဆိုင်ရာ အချိန်အခါခြေလှမ်းများကို မြန်မာစစ်တပ်မှ အတင်းအဓမ္မစစ်ဆေးခြင်း၊ ခြောက်လှန့်ခြင်းနှင့်အတူ ခရီးသွားလာခြင်းများကိုတင်းကျပ်ခြင်း၊ ဒရုန်းများဖြင့် ဒေသခံဌာနေ လူမျိုးစုများ၏နေရာများကို စုံစမ်းထောက်လှမ်းခြင်း၊ ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများ ရမ်းသန်း ပစ်ခတ်ခြင်း နှင့် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်စေသည့် သေကြေမှု၊ ပျက်စီး ဆုံးရှုံးမှု နှင့် ကြောက်လှန့်မှုတို့ကို ဒေသခံ ဌာနေလူမျိုးစုတို့မှ ခါးသီးစွာကြုံဆုံနေရသည်။ အများ ပြည်သူနေထိုင်ရာ နေရာများနှင့်သက်ဆိုင်သည့် စာသင်ကျောင်းများ၊ လုပ်ငန်းခွင်များ နှင့် ဘာသာရေး အဆောက်အအုံများအပေါ် လက်နက်ကြီးဖြင့်သော်လည်းကောင်း လေယာဉ်ဖြင့်သော်လည်းကောင်း ပစ်ခတ်တိုက်ခိုက်ဗုံးကြဲခြင်းသည် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်သော ခလေးသူငယ်အခွင့်အရေး၊ ပညာသင်ကြားရေး အခွင့်အရေးနှင့် ဘာသာရေးအခွင့်အရေးကို ချိုးဖောက်နေကြောင်းသိသာထင်ရှားပါသည်။ မြန်မာစစ်တပ်မှ အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေကို ချိုးဖောက် ကြောင်းထင်ရှားသလို၊ ထိုအရာများကို လျစ်လျူရှုရန်မသင့်တော်ပေ။ ထိုသို့ပြုမူမှုမျိုးတို့သည် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ် နှင့်ဌာနေလူမျိုးစုများအားလုံး၏ အခွင့်အရေးကို ချိုးဖောက် ဖျက်ဆီးရာရောက်ပါသည်။

ထို့အပြင် ကမ္ဘာ့သဘာဝဂေဟစနစ်အတွင်း ရှင်သန်ကျက်စားသည့် ဇီဝမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့သည် ဂေဟစနစ်ပျက်စီးခြင်းဆိုင်ရာတစ်ကမ္ဘာလုံးအတိုင်းအတာခြိမ်းခြောက် မှုကို ရင်ဆိုင်နေရသည့်အချိန်ဖြစ်သည်။ လက်ရှိအချိန်တွင် အပြည်ပြည်ဆိုင်ရာ အရပ်ဘက်အဖွဲ့ အစည်းများ၊ တိုင်းပြည်နိုင်ငံအစိုးရများ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ စွန့်ဦးတီထွင်လုပ်ငန်းများ၊ လွတ်လပ်သည့် အသင်းအဖွဲ့များ နှင့် ဌာနေတိုင်းရင်းသားများရင်ဆိုင်ရသည့် အဓိကအကျပ် အတည်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုအဓိက ပြဿနာ ကြီး (၃) ရပ်ရှိနေသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အဓိကခြိမ်းခြောက်မှု (၃) ရပ်မှာ ဥတုရာသီပြောင်းလဲမှု၊ လေထုညစ်ညမ်းမှု နှင့် ဇီဝသက်ရှိများဆုံးရှုံးမှုတို့ဖြစ်သည်။ ဇူလိုင်လ ၂၈ရက်၊ ၂၀၂၂ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှ သန့်ရှင်းလက်ဆတ်သည့် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာသောသဘာဝပတ်ဝန်းကျင် ရရှိစေရေး သည် ကမ္ဘာ့လူသားအားလုံး၏အခြေခံအခွင့်အရေးဖြစ်ကြောင်း ကြေညာချက်ထုတ် ပြန်ခဲ့သည်။[၁] သဘာဝပတ်ဝန်းကျင်အခွင့်အရေးကို ဖျက်ဆီးခြင်းသည် လူ့အခွင့်အရေးကို ဖျက်ဆီးခြင်း ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့်ဇီဝသက်ရှိများကို ထိန်းသိမ်းကာကွယ်ခြင်း နှင့် စီမံခန့်ခွဲခြင်းသည် ကမ္ဘာပေါ် ရှိလူသားအားလုံး၏တာဝန်ဖြစ်သည်။

၁ https://news.un.org/en/story/2022/07/1123482



ဤစိန်ခေါ်မှုနှင့်ခြိမ်းခြောက်မှုများကို ထိထိရောက်ရောက် နှင့် တာရှည်ထိန်းကျောင်း ကျော် လွှားနိုင်ရန် တောအူးခရိုင် ခေါင်းဆောင်များသည် ဒေသခံဌာနေတိုင်းရင်းသားများအပါအဝင် စည်း လုံးသည့်စုပေါင်းခေါင်းဆောင်မှုဖြင့်သောသီတော အူးဌာနေလူမျိုးစုများဉယျာဉ်ကိုစတင်တည် ဆောက်ရန် သန္နိဌာန်ပြုခဲ့ကြသည်။ ၎င်း၏ မျှော်မှန်းချက်မှာ ဘိုးဘွားပိုင်နယ်မြေ (သို့မဟုတ်) နယ်မြေဒေသတစ်ခုကို တောအူးခရိုင် အတွင်းရှိ ဌာနေလူမျိုးစုများနှင့်အတူ စီမံအုပ်ချုပ်မှုသော စီမံကိန်းဖြစ်ပြီး၊ ဤစီမံ အုပ်ချုပ်မှုသည် ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတရားနှင့်ချိတ်ဆက် အသက်ရှင်ခြင်း ဆိုင်ရာသဘောတရားကိုချမှတ်ထားသည့်အတိုင်းဆောက်ရွက်ရန်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုတည်ဆောက်ရာတွင်အဓိကလှုပ်ရှားမှုသည်ဘိုးဘွားတို့၏ရိုးရာယဉ်ကျေးမှုထုံးတမ်းအစဉ်အလာ အုပ်ချုပ်မှုများကိုမှတ် တမ်းပြုစု၍ ရှင်သန်တည်တံ့အောင်လုပ်ဆောင်ခြင်း၊ ဌာနေလူမျိုးစုများတို့၏ ယဉ်ကျေးမှု ကျင့်ထုံး ဥပဒေသများကို သုတေသနပြု မှတ်တမ်း တင်ခြင်း၊ ဒေသခံသစ်တော ကြိုးဝိုင်းများ ကို တည်ဆောက်ခြင်း၊ မြစ်ရေစမ်းချောင်း မြစ်လက်တက်များတည်နေရာများကို ထိန်းသိမ်းကာကွယ် ခြင်း နှင့် အခြားအရေးပါသော အရာများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအရှိတရားအရ သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်ကို ကမ္ဘာသိထုတ်ဖေါ်ကြေညာရန်အတွက် အဓိကလုပ်ဆောင်သည့် လုပ်ငန်းမှာ ၎င်းဒေသခံဌာနေ လူမျိုး စုများထံသို့ကွင်းဆင်း သဘောထားကောက်ယူခြင်းနှင့် စပ်လျဉ်း၍ အခြေခံဥပဒေကိုအတည် ပြုနိုင် ရန်၊ အခြေခံဥပဒေပြဌာန်းချက်အတိုင်းလုပ်ငန်း အခန်းကဏ္ဍတိုင်းတွင်အများစုပါဝင်နိုင်ရေးစသည့်လုပ် ငန်းစဉ်များဖြစ်သည်။



*ဌာနေလူမျိုးစုတို့သည် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည်။ ၎င်းတို့သည် သူတို့နှင့်ဆိုင်သောသူ တို့၏အခွင့်အရေးများဖြစ်သည့် စီးပွားရေး၊ လူမှုရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိသည်။*

ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများဆိုင်ရာအခွင့်အရေးကြေညာစာတမ်း အပိုင်း (၃)



# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ မျှော်မှန်းချက်နှင့်ရည်မှန်းချက်ပန်းတိုင်

ကိုယ်ပိုင်ပြဌာန်းခွင့်ကို အပြည့်အဝအကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းသည်လည်း ဒေသခံ ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကိုမွေးထုတ်ပေးခြင်းနှင့်အချိုးကျ သက်ဆိုင်သည့် အတွက် ကြောင့်သောသီတောအူးဌာနေလူမျိုးစုများ ဥယျာဉ်၏အဓိက မျှော်မှန်းချက်မှာ ဘိုးဘွားပိုင်မြေနေရာ ဒေသတစ်ခုလုံးကို တည်ထောင်၍ ဒေသခံဌာနေလူမျိုးစုမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ ရိုးရာယဉ်ကျေးမှုထုံးတမ်းဓလေ့များကို စီမံအုပ်ချုပ်နိုင်ရန်နှင့် ၎င်းတို့နှင့်သက်ဆိုင်သော မြေယာများ ကို ပြင်ဆင်ထိန်းသိမ်းနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရာများ နှင့် ဇီဝမျိုးကွဲ သံယံဇာတများ ရေရှည်တည်တံ့စွာ ရှင်သန်ထိန်းသိမ်းနိုင်ရန် နှင့် မျိုးဆက်သစ်များအတွက် ချန်ထားနိုင်ရန်ဖြစ်သည်။ ၎င်းမျှော်မှန်းချက်များကို အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန် အောက် ပါအချက် (၄)ချက်ကို သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်မှ ချမှတ်ထားပါသည်။



တောအူးဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများနှင့် ကမ္ဘာမြေကြီးနှင့်သက်ဆိုင်သည့် ၎င်းတို့၏ ဌာနေအသိပညာအမြင်များကို ပြန်လည်ရှင်သန် လာစေ ခြင်းနှင့်ကာကွယ်ခြင်း။



ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နယ်မြေနှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ အုပ်ချုပ်ရေးစနစ်နှင့် စီမံခန့်ခွဲမှုများကို အားကောင်းလာစေခြင်း။



သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်အတွင်းရှိ မတူကွဲပြားသော ဇီဝယဉ် ကျေးမှု (လူသားနှင့်သဘာဝတို့ကြားရှိ အပြန်အလှန်ရင်းနှီးဆက်နွယ်မှု) များကို ထိန်းသိမ်းခြင်းဖြင့် ဤနယ်မြေ၏ ကြွယ်ဝသော ဂေဟစနစ်ကြီးအား ထာဝစဉ်ရှင်သန်လည်ပတ်စေလျှက် ထိုမှရရှိသော အကျိုးကျေးဇူးများကို လက်ရှိနှင့်အနာဂတ်မျိုးဆက်နှစ်ခုလုံး အကျိုးခံစားနိုင်အောင် လုပ်ဆောင် ခြင်း။



သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်အတွင်းနေထိုင်ကြသော ဌာနေတိုင်းရင်း သားများမှ တာရှည်ခံဖွံ့ဖြိုးရေးအစီအစဉ်များကို ၎င်းတို့ကိုယ်တိုင်သတ်မှတ်ဆုံး ဖြတ်နိုင်ရန် လမ်းဖွင့် ပေးခြင်း။

# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် မည်သည့်နေရာတွင် တည်ရှိ သနည်း။

သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် ကော်သူးလေ (မြန်မာနိုင်ငံအရ သတ်မှတ် ချက်မှာ ကရင်ပြည်နယ်) မြောက်ဘက်တွင်တည်ရှိပြီး တောအူးခရိုင်ဒေသတခုလုံးကို ကိုယ် စားပြု ပါသည်။ အရှေ့မြောက်ဘက်ပိုင်းနယ်စပ်တစ်လျှောက်တွင် ကရင်နီပြည်နှင့်ထိစပ်နေပြီး၊ အရှေ့အရပ် တွင် မူတြော်ခရိုင်(သံလွင်ငြိမ်းချမ်းရေးဥယျာဉ်)၊ အနောက်အရပ်တွင် ပဲခူးတိုင်းနှင့်ထိစပ် နေပါသည်။ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ မြေမျက်နှာသွင်ပြင် အကျယ်အ ဝန်းစုစုပေါင်း (၁,၄၂၁,၉၆၇သန်း) ဧကအထိရှိပြီး ထိုအထဲတွင် ကျေးရွာပေါင်း (၃၂၀)ရွာ တည်ရှိ သည်။ ၎င်းသည် ကရင်နီပြည်ရှိ သောသီဘော့ဂေါ် ငြိမ်းချမ်းရေးဥယျာဉ်၊ မူတြော်ခရိုင်ရှိ သံလွင်ငြိမ်းချမ်း ရေးဥယျာဉ်တို့နှင့်ထိစပ်ပြီး ပထဝီမြေနယ်နမိတ်အရအပါအဝင် ကိုးကွယ်ယုံကြည်မှု အရ သောသီခို တောင်တန်းနှင့် သောသီဘော့ဂေါ် ခိုတောင်တန်းတို့ ထိစပ် သွယ်တန်းနေမှုသည် အရေးပါပြီး ဌာနေ တိုင်းရင်းသားအများအတွက် အထွက်အ မြတ် ထားရာ၊ ဘုန်းကြီးသည့်နေရာ များဖြစ်သည်။






# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ အချိန်ဇယားအလိုက် လှုပ်ရှားဆောင်ရွက်မှု များ

## ၂၀၁၈

တောအုပ်ရိုင်ခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ နှင့် ဒေသခံအဖွဲ့များမှနေပြီးတွေ့ ဆုံဆွေးနွေးမှုများပြုလုပ်၍သော သီတောအူးဌာနေလူမျိုးစုများ ဥယျာဉ်ကို တည်ထောင်ရန် ရှေ့ဆက်လုပ်ငန်းစဉ်များကို စုပေါင်းသဘောတူညီမှုဖြင့်ချ မှတ်ခဲ့ ကြသည်။

## ၂၀၁၉

တွေ့ဆုံဆွေးနွေးမှုအတွင်း "သော သီတောအူးဌာနေလူမျိုးစုများ ဥယျာဉ်"ဟူသော အမည်နာ မကို သတ်မှတ်ပေးခဲ့ကြပြီး နောက်ပိုင်း တွင် ကိုယ်စားလှယ် (၂၉) ဦးပါဝင် သောလုပ်ငန်းဖြစ် မြောက်ရေး ကော်မတီဖွဲ့စည်းသည်။ ၎င်းဌာနေ လူမျိုးစုများဥယျာဉ်၏ မျှော်မှန်း ချက်၊ ရည်ရွယ်ချက်ပန်းတိုင်၊ နယ်မြေအကျယ်အဝန်းဆန်းစစ် သတ်မှတ်အတည်ပြုခြင်းနှင့် အရေးကြီး သောလုပ်ငန်းစဉ်များ ကို ရေးသားချမှတ်ခဲ့ကြသည်။

## ၂၀၂၀

ဌာနေတိုင်းရင်းသားများနှင့် သက်ဆိုင်သော ထုံးတမ်းဓလေ့ ဆိုင်ရာကျင့်ထုံးများ၊ ရိုးရာ အုပ်ချုပ် မှုများ၊ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းခြင်းလုပ်ငန်း များ၊ တောရိုင်းတိရစ္ဆာန်များ၊ အထွတ်အမြတ်ထားရာ နေရာများ နှင့် သမိုင်းကြောင်းတည်ရာနေရာ များတို့ကို ကွင်းဆင်း သုတေသန ပြုလုပ်ပြီး သောသီ တောအူး ဌာနေလူမျိုးစုများဥယျာဉ်၏ အခြေခံဥ ပဒေရေးဆွဲရန် လုပ်ဆောင်ခဲ့သည်။

## ၂၀၂၁

ပထမဆုံးအကြိမ်လူထုညီလာခံကို မော်သေးဒဲမှာ ကျင်းပပြုလုပ်ပြီး တစ်ချိန်တည်းတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ဗဟို မြေယာကော်မတီမှ အသိအမှတ်ပြု "ကော်"သက်သေခံစာချုပ်ကို လက်ခံရယူသည့်အခမ်းအနားတစ်ဆက်တည်းကျင်းပပြီး၊ ဤသည် ကေအဲန်ယူ၏ ပထမဦးဆုံးအကြိမ် ပေးသည့် သမိုင်းမှတ်တမ်းဝင်အဖြစ် မှတ်တမ်းတင်ခြင်း ခံရသည်။

## ၂၀၂၂

ဒုတိယအကြိမ် သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ် လူထုညီလာခံကို ကော်သေးဒဲ တွင် ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ထိုညီလာခံမှ သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်၏ အခြေခံဥပဒေရေးသားထုတ်ဝေခဲ့သည်။ ဌာနေတိုင်းရင်းသားများ၏ ခေါင်းဆောင်မှုစွမ်းရည်၊ ဥတုရာသီပြောင်းလဲမှုနှင့်၎င်းတို့၏ ထိန်းသိမ်းဆောင်ရွက်ဟန့်တားများကို စောတေးဒဲကော် (ကော်ထီးမူဆိုး) တွင် ကွင်းဆင်းသုတေသနပြုလုပ်နိုင်ခဲ့သည်။

## ၂၀၂၄

သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်၏ အခြေခံဥပဒေကိုရေးသားထုတ်ဝေပြီးသည့်အခါ အခြေခံဥပဒေနှင့်ဆိုင်သောအသိအမြင်ပေးမှုကို ဒေသခံလူထုထံသို့ ကွင်းဆင်းပို့ချခြင်း၊ လူထုတွေ့ဆုံဆွေးနွေးခြင်းနှင့် အခြေခံဥပဒေကိုအတည်ပြုနိုင်ရန်  လူထုသဘောထားများကောက်ခံလက်မှတ်ရေးထိုးခြင်းကို ပြုလုပ်နိုင်ခဲ့သည်။

# ၂၀၁၈ ခုနှစ်ကာလ







လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်တွင်းစစ်ပွဲများ၊ အတင်းအဓမ္မရွှေ့ပြောင်းခံရမှုများစသည်တို့ ကို သောသီ တောအူးဌာနေလူမျိုးစုများဥယျာဉ်အတွင်း နှစ်ပေါင်း (၇၀) ကျော်ကြုံဆုံခဲ့ရပြီး၊ ဖြစ်ပေါ်လာသည့်ရလဒ်မှာ ကြီးမားသည့် စိတ်ပျက်ဖွယ်ရာများ၊ ဝမ်းနည်းပူဆွေးမှုများ နှင့် ကြောက်မက်ဖွယ်ရာများ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဤမကောင်းသည့် အနိဋ္ဌာရုံများကြောင့် ဒေသခံ ဌာနေ တိုင်းရင်းသားများ၏ ထုံးတမ်းဓလေ့ရိုးရာယဉ်ကျေးမှုများ၊ သစ်တောများ၊ ဇီဝသက်ရှိများဖြစ်ကြ သော တောရိုင်းတိရစ္ဆာန်အမျိုးမျိုးတို့သည် စိုးရိမ်ဖွယ်ရာအဆင့်အထိ ပျက်စီးခြင်းကို ကြုံဆုံခဲ့ရ သည်။ ထိုအနိဋ္ဌာရုံများကို ကျော်လွှားပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အုပ်ချုပ်ရေးကိုအစပြုနိုင်ရန်၊ ဘိုးဘွားပိုင်မြေများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းတွင် တောအူးခရိုင်ခေါင်းဆောင်၊ အရပ်ဘက်အဖွဲ့အစည်း နှင့် ဘာသာရေးခေါင်းဆောင်တို့ စတင်တွေ့ဆုံ ဆွေးနွေးမှုပြုခဲ့ပြီး စုပေါင်းဆောင်ရွက်မှုဖြင့် “သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်”ကို တည်ထောင်နိုင်ရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ ထိုနှစ်အတွင်းတွင် တောအူးခရိုင်ခေါင်းဆောင်များမှ ကမကထပြု၍ ထိုလ္ဘိဝါးလူထုအထက်တန်းကျောင်း၊ ပယ်ထီးရပ်ရွာအုပ်စု၊ ထန်းတပင်မြို့နယ်တွင် လူထုတွေ့ဆုံဆွေးနွေးပွဲကျင်းပ၍ ဘိုးဘွားပိုင်နယ်မြေများထိန်းသိမ်းမှုမြှင့်တင်ရေးဆိုင်ရာ အသိပေး မှုပြုလုပ်ခဲ့သည်။ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၊ မူတြော်ခရိုင်ခေါင်းဆောင်များ နှင့် ကရင်နီခေါင်းဆောင်များအပါအဝင် ဖိတ်ခေါ် ခံရပြီး ဘိုးဘွားပိုင်နယ်မြေများ ထိန်းသိမ်း ကာကွယ်ခြင်းဆိုင်ရာ ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေဖော်ပြခွင့်ပြုခဲ့သည်။

# ၂၀၁၉ ခုနှစ်ကာလ








၂၀၁၉ခုနှစ်တွင်သောသီတောအူးဌာနေတိုင်းရင်းသားများတွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်နိုင်ခဲ့ ပြီး "သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်"အမည်ကို အတည်ပြုပြီးနောက် အဖွဲ့ဝင် ၂၉ ဦးပါရှိသော အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းနိုင်သည့်အပြင်၊ ၎င်းဌာနေလူမျိုးစုများဥယျာဉ်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်ပန်းတိုင်၊ နယ်မြေဒေသအကျယ်အဝန်းဆန်းစစ်သတ်မှတ် အတည်ပြုခြင်း၊ အဓိကလုပ်ငန်းစဉ်များချမှတ်ခြင်းနှင့်အတူ ကော်အုပ်ချုပ်ရေးများရှင်သန်ရပ်တည် နိုင်ရေး၊ မြေပြင်ကွင်းဆင်းမှတ်တမ်းပြုစုခြင်း၊ လူထုအခြေပြုသစ်တောကြိုးဝိုင်းများသတ်မှတ်ခြင်း၊ မြစ်ရေစမ်းချောင်းမြစ်လက်တက်များ၏တည်နေရာများကိုမှတ်တမ်းပြုစုခြင်း နှင့် သစ်တောကြိုး ဝိုင်းများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတို့ကို ဆန်းစစ်သေချာခြင်းကို ပြုလုပ်နိုင် ခဲ့သည်။

# ၂၀၂၀ ခုနှစ်ကာလ

အုပ်ချုပ်ရေးလုပ်ငန်းအတွက် အဓိကမရှိမဖြစ်လိုအပ်သော သောသီတောအူးဌာနေလူမျိုးစု များဉယျာဉ်၏ အခြေခံဥပဒေကိုရေးသား ထုတ်ဝေနိုင်ရန်၊ ၂၀၂၀ခုနှစ်တွင် သုတေသနလုပ်ငန်း ဖြစ်သော ဌာနေတိုင်းရင်းသားများတို့၏ထုံးတမ်းဓလေ့ကျင့်ထုံးများ၊ ၎င်းတို့၏ ကော်အုပ်ချုပ်ရေး စနစ်၊ သဘာဝသယံဇာတအရင်းအမြစ်၊ တောရိုင်းတိရစ္ဆာန် နှင့် ရိုးရာဓလေ့ယဉ်ကျေးမှုများကို ကွင်းဆင်းလေ့လာ အတည်ပြုမှုများပြုလုပ်နိုင်ခဲ့သည်။ ထို့အတူ ဌာနေတိုင်းရင်းသားများတို့၏ အထွတ်အမြတ်ထားရာနေရာများကို အမည်နာမသတ်မှတ်မှတ်တမ်းပြုယူခြင်း၊ သမိုင်းရာဇဝင် တည်ရှိရာအရေးပါသည့်နေရာများ၊ ထုံးတမ်းရိုးရာယဉ်ကျေးမှုတူရိယာများဖြစ်သည့် ဖားစည်များ နှင့် မောင်းများတို့ကို သုတေသနမှတ်တမ်းများပြုလုပ်နိုင်ခဲ့သည်။





# ၂၀၂၁ ခုနှစ်ကာလ

၂၀၂၁ ခုနှစ်ကာလတွင် ဌာနေတိုင်းရင်းသားများ၏ဖြစ်တည်မှုကို အသိအမှတ်ပြုနိုင်ရန်၊ ၎င်းတို့၏အမြင်များကိုအကောင်အထည်ဖော် နိုင်ရန်၊ စုပေါင်းစည်းလုံးမှုဖြင့် သောသီတောအူးဌာနေ လူမျိုးစုများဉယျာဉ်၏ပထမဆုံးအကြိမ်လူထုညီလာခံကို မော်သေးဒဲကော်တွင် ကျင်းပပြုနိုင်ခဲ့ သည်။ ထိုညီလာခံတွင် သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်မှ ကေအဲန်ယူ-ကရင်အမျိုး သားအစည်းအရုံး၊ ဗဟိုမြေယာကော်မတီမှ ပေးအပ်သော “ကော်”မြေယာသက်သေခံစာချုပ်ကို လက်ခံရယူ သည့်အခမ်းအနားကိုပြုလုပ်ခဲ့ပြီး၊ ဤသည် ကေအဲန်ယူ၏ ပထမဦးဆုံးအကြိမ် ပေးသည့် သမိုင်း မှတ်တမ်းဝင် အဖြစ်မှတ်တမ်းတင်ခြင်း ခံရသည်။ ထိုအခမ်းအနားတွင် ကေအဲန်ယူဗဟိုမြေယာ ကော်မတီမှ “ကော်”မြေယာသက်သေခံစာချုပ်စုစုပေါင်း (၅) စောင်ထုတ်ပေးခဲ့ပြီး၊ တောအူး ခရိုင်အနေဖြင့် သက်သေခံစာချုပ် (၄)ခုကို လက်ခံရယူပြီး၊ မူတြော်ခရိုင် သံလွင်ငြိမ်းချမ်းရေး ဉယျာဉ်မှ (၁) စောင်လက်ခံရယူခဲ့သည်။ ထိုအခမ်းအနား ၂ခုအတွင်းတွင် ဌာနေတိုင်းရင်းသား လူမျိုးများဖြစ်ကြသော ကညောဝါး (ကရင်ဖြူ)၊ ကယ်ဘား၊ ပကူး၊ မိုနေဘွာ၊ တလယ်ဘွာ၊ မိုဘွာ၊ ဘွဲ နှင့် အခြားကရင်မျိုးနွယ်စုဌာနေတိုင်းရင်းသားများ စည်းလုံးစွာတက်ရောက်ခဲ့သည်။ ထိုနှစ် အတွင်း အလုပ်အမှုဆောင်ကော်မတီမှ သောသီတောအူး ဌာနေလူမျိုးစုများဉယျာဉ်၏ မြေပြင်လုပ်ဆောင်မှုများကို ဖော် ပြနိုင်ရန် လုပ်ငန်းဆိုင်ရာ အစုအဖွဲ့အသီးသီးကို ဖွဲ့စည်းနိုင် ခဲ့သည်။

# ၂၀၂၂ ခုနှစ်ကာလ

ဒီဇင်ဘာ ၂၀၂၂ ခုနှစ်တွင် အလုပ်အမှုဆောင်ကော်မတီနှင့်တောအူးခရိုင်ခေါင်းဆောင်များမှ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ ဒုတိယအကြိမ်မြောက်လူထုညီလာခံကို ကော် သေးဒဲတွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုနှစ်အတွင်း ဌာနေတိုင်းရင်းသားများထဲမှ တွေ့ဆုံဆွေးနွေးမှုမှ တင်ပြလာသည့်အကြောင်းအရာများကိုလက်ခံရရှိသည့်အတိုင်း၊ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ အခြေခံဥပဒေကို စတင်ရေးဆွဲထုတ်ဝေခဲ့သည်။ ဥတုရာသီပြောင်းလဲမှုသည် လူသားနှင့်သဘာဝတရားအပေါ် စိန်ခေါ်မှုအကြီးအကျယ်ဖြစ်လာသည့်အတွက် ဌာနေတိုင်းရင်းသား များတို့၏ ဥတုရာသီပြောင်းလဲမှုအပေါ် အံ့တုထိန်းသိမ်းနိုင်စွမ်းကို စောသေးဒဲကော် (ကော်ထီးမူးဆီး) တွင် ဌာနေတိုင်းရင်းသားများထံမှ ၎င်းတို့၏အတွေ့အကြုံဖြစ်သည့် ဥတုရာသီပြောင်းလဲမှု အပေါ် အံ့တု၍ ကျော်လွှားနိုင်ခြင်း၊ ဥတုရာသီပြောင်းလဲမှုသွင်ပြင်လက္ခဏာဆိုင်ရာတို့ကို လေ့လာသင်ယူမှု များ သုတေသနမှတ်တမ်းပြုလုပ်နိုင်ခဲ့သည်။





# ၂၀၂၃ ခုနှစ်ကာလ

စုပေါင်းစည်းလုံးမှုဖြင့် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ၂၀၂၃ ခုနှစ်တွင် အပြီးသတ်ရေးသားထုတ်ဝေနိုင်ခဲ့သည်။ ထိုအခြေခံဥပဒေသကို ရေးသား ထုတ်ဝေပြီးသည့်နောက်တွင်အလုပ်အမှုဆောင်ကော်မတီနှင့်အတူအလုပ်အမှုဆောင်အုပ်စုအသီးသီးတို့ မှ မြေပြင်ကွင်းဆင်း၍ အခြေခံဥပဒေအတွင်းရှိ ရေးသားထားသည့်အကြောင်းအရာများကို အသိအမြင်ပေးမှုပြုလုပ်ပြီး ဒေသခံလူထု၏ သဘောထားများကို လက်မှတ်ထိုးရယူနိုင်ခဲ့သည့်အ တွက် အခြေခံဥပဒေစာအုပ်ကို အတည်ပြုနိုင်ခဲ့သည်။ ချမှတ်ထားသည့်လုပ်ငန်းလမ်းစဉ်အတိုင်း လုပ်ငန်းများကို ဇွန်လ၊ ၂၀၂၄ ခုနှစ်တွင် အဆုံးသတ်နိုင်ရန်ကြိုးပမ်း၍ ဒီဇင်ဘာလ၊ ၂၀၂၄ ခုနှစ်တွင် အခြေခံဥပဒေပါ သတ်မှတ်ချက်အရ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်ကို ဌာနေ တိုင်းရင်းသားတို့၏ဘိုးဘွားပိုင်မြေအဖြစ် ကမ္ဘာအသိကြေညာရန်သတ်မှတ်ထားပါသည်။ တစ်ချိန် တည်းတွင် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်၏ လုပ်ငန်းအုပ်ချုပ်မှုအစီအစဉ် များကို ချမှတ်အကောင်အထည်ဖေါ်ပြီး အခြေခံဥပဒေပါအတိုင်း လူထုလွှတ်တော် (General Assembly) ကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေသခံဌာနေတိုင်းရင်းသားများ အဖွဲ့အစည်း၊ ကေအဲန်ယူ၊ အမျိုးသမီးအစည်းအရုံး (ရပ်ရွာအခြေခံအမျိုးသမီးအစည်းအရုံး) ဖြင့် ဖွဲ့စည်းခေါ် ယူဖွဲ့စည်း သွားမည်ဖြစ်သည်။

# သောသီတောအူးဌာနေလူမျိုးစုများဥယျာဥ်ရှိ စိတ်ဝင်စားဖွယ်နေရာ နှင့် အထူးသတ်မှတ် နေရာများ

သောသီတောအူးဌာနေလူမျိုးစုများဥယျာဥ်အတွင်းတွင် ကရင်ဌာနေတိုင်းရင်းသားများ ၏ ရိုးရာယဉ်ကျေးမှုထုံးတမ်းဓလေ့များဖြင့်ပြည့်နှက်နေပြီး ဇီဝမျိုးကွဲများစွာတည်ရှိရာအရပ်ဖြစ် သည်။ တောင်ကုန်းတောင်တန်းများဖြစ်သော သောသီခို၊ ဘော့ဂေါ် ခို၊ ဘွဲ့ဟီခို (နော်ဘူဘောဆု တောင်းတောင်)၊ ကစယ်ဒို၊ ကဆယ်ကီးကူ၊ ထီးရှုခို၊ ဃီဃေးဒေါတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော, ဖီးသူးခို၊ ဘောမူခို၊ လိုစမော်ခို၊ လူထိုးခို၊ သဲ့ကူးခို နှင့် ပနာစိုးခိုတို့သည် သာသာရေးဆိုင်ရာနေရာ အရပ်ဖြစ်ပြီး ဖော် ပြပါ နေရာတိုသည့် ဌာနေကရင်တိုင်ရင်းသားများအတွက် ထုံးတမ်းဓလေ့ ရိုးရာယဉ်ကျေးမှုနှင့် သမိုင်း ကြောင်းဆိုင်ရာတည်ရှိရာနေရာဖြစ်သည်။ အရေးပါသည့် မြစ်ချောင်းများမှာ ပရဲလိုကလိုး (ကော်လိုကလိုး)၊ ဒေလိုကလိုး၊ ယော်လိုကလိုး၊ ကလေလိုကလိုး၊ ဖလေလိုကလိုး၊ ပရှီလိုကလိုး၊ နှင့် ကေချောကလိုးတို့သည် ဤဒေသသို့စီးဆင်းလာသည့် မြစ်ချောင်းများဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များဖြစ်ကြသော ကျား၊ ပြောင်၊ တောင်ဆိတ်၊ စိုင်၊ ကျွဲရိုင်း၊ ယုန် နှင့် ငှက်မျိုးစိတ်များကဲ့သို့ ရှားပါးတောရိုင်းတိရစ္ဆာန်များကိုလည်း သောသီတောအူး ဌာနေလူမျိုးစုများဥယျာဥ်တွင် တွေ့ရှိရပါသည်။



ယော်လိုကလိုး

သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်ထဲတွင်နေထိုင်ကြသည့် ဌာနေတိုင်းရင်း သားများတို့သည် ၎င်းတို့၏ ထုံးတမ်းဓလေ့ယဉ်ကျေးမှု နှင့် ဂေဟစနစ်ကို လက်ရှိနှင့် အနာဂတ် မျိုးဆက်သစ်အတွက် ထိန်းသိမ်းစောင့်ရှောက်သည့်သူများဖြစ်သည်။ ဇီဝသက်ရှိများစွာတည်ရှိ ကျက်စားရာအရပ်ဒေသဖြစ်သည့်အားလျော်စွာ မြေပြင်တောင်တန်းကြီးသည်လည်း စိမ်းလန်းစိုပြေ ၍ ကမ္ဘာ့ဥတုရာသီပြောင်းလဲမှုကို ဟန်တားရန်အတွက် အကျိုးများစွာဖြစ်ထွန်းသည့် နေရာဖြစ် သည်။ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် ဒေသခံဌာနေတိုင်းရင်းသားများ အတွက် မြေယာစီမံခန့်ခွဲမှုကိုအကာအကွယ်ပေးခြင်းဖြစ်သကဲ့သို့ အသက်မွေးဝမ်းကြောင်းအတွက် တည်တံ့ရှည်ကြာသောဖွံ့ဖြိုးတိုးတက်မှု နှင့် ဥတုရာသီပြောင်းလဲမှုကို ကောင်းကောင်းမွန်မွန်လျှော့ချ ပေးနိုင်သည့် နေရာဖြစ်သည်။



ဘွဲဟီခို (နော်ဘူဘောဆု တောင်းတောင်)



## ရိုးရာထုံးထမ်းဓလေ့အမွေအနှစ်

ခေတ်ကာလအလိုက်မှတ်တမ်းမှတ်ရာများရှိသည့်အတိုင်း ဘာသာရေးဆိုင်ရာအထွက် အမြတ်ထားရာနှင့် ရိုးရာယဉ်ကျေးမှုနေရာများသည် ဤသောသီတောအူး ဌာနေလူမျိုးစုများ ဥယျာဉ်တွင် နေရာတော်တော်များများတွင်တည်ရှိနေ သကဲ့သို့ ၎င်းဒေသတွင် တောင်ကုန်း တောင်တန်း၊ လှိုဏ်မြောင်း၊ ချောက်ကမ်းပါး၊ ကျောက်တောင်၊ ကျောက်စွယ်၊ ရေပူရေအေး နှင့် ရှေးယခင်ဘိုးဘွားများ နေထိုင်ခဲ့ကြသည့်နေရာလည်းရှိသည်။ တောင်တန်းများဖြစ်ကြသည့် ကစယ်ဒို၊ ဘွဲဟီခို (နော်ဘူဘောဆုတောင်းတောင်)၊ ကစယ်ကီးကူ၊ သောသီခိုနှင့်ဘွော်ဂေါ်ခို တို့သည် သန့်ရှင်းသောသူတော်စင်များ နှင့် ဘာသာရေးဆိုင်ရာအထွက်အမြတ်ထားရာတောင်တန်းများဖြစ် သည်။

## ကစယ်ဒို

ကစယ်ဒိုတောင်သည် နာမည်ကြီးသည့်တောင်ဖြစ်သည့်အားလျော်စွာ ကရင်ဌာနေတိုင်း ရင်းသား များအတွက် ရိုးရာထုံးတမ်းဓလေ့ယဉ်ကျေးမှုအတွက် အဓိကနေရာလည်းဖြစ်သည်။ ကစယ်ဒိုသည် ပယ်ထီးကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ တောအူးခရိုင်တွင်တည်ရှိသည်။ ဘိုးဘွား မိဘများမှ မျိုးဆက်ထံလက်ဆင့်ကမ်းပြောပြဇာတ်လမ်းများအရ ဤကစယ်ဒိုတောင်သည် ဘာသာရေးဆိုင်ရာအထွက်အမြတ်ထားရာ တန်ခိုးကြီး နေရာတစ်နေရာဖြစ်ပြီး ဖီးနော်ဒွဲဟု အသိအမှတ်ပြု ခေါ်ဆိုကြပြီး ထူခြားသည့်အချက်မှာ မည့်သည့်အရပ်ကနေမဆိုနေပြီး ဤတောင်ကို ကြည့်ပါက လူသားတ ယောက် နှင့်ဆင်တူနေသည်ကို သတိပြုမိမည်ဖြစ်ပါသည်။ ဘိုးဘွားလူကြီးမိဘတို့၏ ပြောပြချက် အရ ဤတောင်တွင် လမ်းပျောက်၍ မတော်တဆ မြစ်ချောင်း၊ ရေတွင်း နှင့် ဂူများတွေ့ရှိပြီး အခြားသူများကို ထိုနေရာကို ညွှန်ပြပါကထိုကဲ့သို့နေရာကို ပြန်ရှာ၍တွေ့ မည်မဟုတ်ပါ။ တန်ခိုးကြီးသည့် ဤကဲ့သို့အထွက်အမြတ်နေရာသည် ထူးခြားသည့်အရာကို ထိုတန်ခိုးရှင်က ပေးမြင်သည့်သူမျှသာလျှင်မြင်ရပြီး လူတိုင်းမမြင်ရပေ။ ဒေသခံဌာနေတိုင်းရင်းသားတို့၏ ပြောပြချက်အရ ကစယ်ဒိုတောင်တွင် ရွှေကြော၊ ငွေကြောများ တစ်ခါတစ်ရံပြန်လာတတ် သည်။ ဒေသခံများ အတွက် ဤတောင်သည်များစွာအကျိုးပေးသည့် အနက် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဝါးပင်များ၊ ဆောက်လုပ်ရေးအသုံးအဆောင် များနှင့်ပစ်ခတ်စားသောက်နိုင်သည့်သားရဲတိရစ္ဆာန် များစသည့် ဒေသခံအတွက် အကျိုးဖြစ်ထွန်းမှု ရှိသည်။ ကစယ်ဒိုတောင်ကုန်းပေါ်တွင် မြေဆီမြေနှစ်အလွန်ကောင်းမွန်ပြီး စိုက်ပျိုးရေးအတွက်အလွန်ဖြစ် ထွန်းသော်ငြား တောင်ခြေရင်းတွင် နေရာအချို့တွင် စိုက်ပျိုးရေးအတွက် မြေဆီမြေနှစ် မကောင်းပေ။ ဒေသခံဌာနေတိုင်းရင်းသားများအတွက် ကစယ်ဒိုတောင်သည် သန့်ရှင်းသည့်တောင် သူတော်စင်များနေထိုင်ရာအရပ်ဖြစ်သောကြောင့် ဤတောင်ကို လေးစားတန်းဖိုးထားကာ အလေး အမြတ်ပြုပြီး ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်ကြသည်။



## ကစယ်ကီးကူးနှင့် ကစယ်ဘွဲဟီခို (နော်ဘူဘောဆုတောင်းတောင်)

ကရင်ဌာနေတိုင်းရင်းသားများနေထိုင်ရာ သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ် တွင် သန့်ရှင်းသောသူတော်စင်နှင့် အထွက်အမြတ်ထားရာနေရာများတည်ရှိသောနေရာများထဲမှ ကစယ်ကီးကူနှင့်ကစယ်ဘွဲဟီခိုတောင်တို့သည်လည်း သမိုင်းဝင် နေရာအဖြစ် မှတ်တိုင်ထူသည့် နေ ရာဖြစ်ပြီး ဘိုးဘွားမိဘလက်ထက်ကတည်းကပင် ဌာနေတိုင်းရင်းသားများ တန်ဖိုးထားကြ သည့် နေရာဖြစ်သည်။ ဘိုးဘွားမိဘတို့ နှုတ်မှတ်တမ်းဖြင့် ပြောပြချက်အရ ကစယ်ကီးကူးနှင့်ကစယ်ဘွဲဟီ ခို (နော်ဘူဘော ဆုတောင်းတောင်) တို့သည် သမိုင်းဝင်နေရာအဖြစ် နာမည်ကြီးသည်။ ဌာနေကရင် တိုင်းရင်းသားများအတွက် ၎င်းတောင် သည် ထုံးတမ်းဓလေ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြင့် ကျက် သရေရှိသောတောင်အဖြစ် အသိအမှတ်ပြုသည်။ ကစယ်ဘွဲ ဟီခိုသည် ပင်လယ်ရေမျက်နှာပြင် အမြင့် ပေ ၄,၈၂၅ ရှိသည်။ ကစယ်ကီးကူသည် သစ်ပင်များဖြင့် ဖုံးလွှမ်းနေသော်လည်း ကစယ်ဘွဲဟီ ခိုသည် ကျောင်တောင်အဖြစ်တည်ရှိနေသည်။ နော်ဘူဘောဆုတောင်းတောင်အဖြစ် လူသိများသော ကစယ် ဘွယ်ဟီခိုသည် အထွက်အမြတ်ထားရာနေရာဖြစ်သည်။ နော်ဘူဘောသည် အစွမ်းထက်သည့် အမျိုးသမီးဖြစ်ပြီး သူမရောက် ရှိနေထိုင် သောမည်သည့်နေရာမဆို စပါးများစိုက်ပျိုးရာတွင် အလွန် ပွားများ ပြီး စားနပ်ရိက္ခာဖူလုံမှုဖြစ်သည်။ ဒေါဖဒိုတောင် နှင့်အနီးအနားတည်ရှိသောကျေးရွာအတွင်း ရှိဒေသခံများ၏ လက်ရှိအထိ ပြောစမှတ်ပြုကြသည့်အရာက တစ်ခါတစ်ရံ နော် ဘူဘော ၏အရိပ် သည် တောင်ပေါ်တွင် မြင်ရပါက ၎င်းတို့၏စိုက်ပျိုး ရေးသည်များ စွာဖြစ် ထွန်းကြောင်းဆိုပါသည်။ ဘိုးဘွား မိဘတို့မှလည်း ဤနော်ဘူဘောဆုတောင်းတောင်သည် ရွှေကြောငွေကြောများ ပုံသန်းသည့် နေရာဟုဆိုသည်။



ကစယ်ကီးကူ

# သောသီခိုနှင့်ဘော့ဂ်ဂေါ် ခို

သောသီခိုနှင့်ဘော့ဂ်ဂေါ် ခိုသည် ရိုးရာထုံးတမ်းယဉ်ကျေးမှုနှင့် ဘာသာရေးအထွက် အမြတ် ထားသည့် နေရာတစ်နေရာဖြစ်ပြီး ကော်သူးလေအတွင်းတည်ရှိသည်။ ဒေသခံဌာနေတိုင်းရင်းသား များ အတွက် သောသီခိုနှင့်ဘော့ဂ်ဂေါ် ခိုသည် သန့်ရှင်းသောတောင်ဖြစ်ပြီး နတ်သမီးများ၊ သူတော်စင် များနေထိုင်ရာအရပ်ဖြစ်သည်။ ဘိုးဘေးများပြောပြချက်အရ သောသီခိုသည် ကရင်လူမျိုးများ ဆင်းသက်လာရာအရပ်ဒေသတခုဖြစ်သည်။ ရိုးရာထုံးတမ်းဓလေ့ယုံကြည်မှုရှိသကဲ့သို့ သော်သီခိုသည် သန့်ရှင်းသည့် နေရာတစ်နေရာဖြစ်သည့်အတွက်ကြောင့် ဖြူစင်စွာအသက်ရှင်သောသူတို့သည် သေလွန်ပြီးသည့်အခါ သောသီခိုတောင်သို့ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှု နှင့် စိတ်ချမ်းသာစွာ ဤတောင်သို့ ပြန်လာ၍ နေထိုင်ခွင့်ရသည်။

ဘော့ဂ်ဂေါ် ခိုတောင်ကို ကော်သူးလေအတွင်း အမြင့်ဆုံးတောင်အဖြစ်အသိအမှတ်ပြုထား ပါသည်။ စမ်းချောင်း ဆယ်ချောင်းနှင့်အထက်သည် ဤသောသီခိုနှင့်ဘော့ဂ်ဂေါ် ခိုတောင်တန်းအတွင်း မှ အခြားနေရာသို့စီးဆင်းသည်။ သောသီခိုတွင် အဓိက မြစ်ကြီးများဖြစ်သည့် ဟေးလိုကလိုး၊ လဲလိုကလိုး၊ နှင့် ကဘုလိုကလိုး မြစ်တို့ စီးဆင်းရာအရပ်ဖြစ်ပြီး၊ ဘော့ဂ်ဂေါ် ခိုသည် ဃိုလိုကလိုး (သံလွင်မြစ်) နှင့် ခလီးလိုကလိုးမြစ်တို့၏ မြစ်လက်တက်တို့သည် တောအူးခရိုင်အတွင်းသို့ စီးဆင်း သည်။ ဤနေရာတွင် သူတော်စင်များဖြစ်သည့် ဖူးမော်တော်၊ ဖူးကတယ်၊ ဖူးထို့မဲပါတို့ နေထိုင်ခဲ့သည့် နေရာများဖြစ်သည်ဟု ရှေးသူကြီးသူမများက ပြောစမှတ်ပြုကြသည်။



ဘော့ဂ်ဂေါ် ခို




လူကြီးသူမများပြောပြသည့် ဇာတ်လမ်းများအရ အလွန်ကြီးသည့်ငှက်ကြီးများသည် သောသီခိုတောင်ပေါ်သို့ ငါးမျက်စိများကို လာရောက်ပေးလှူ (အခွန်) ပေးကြသည်။ ငှက်ကြီးများ သည် ငါးမျက်စိများကို ပင်လယ်ထဲသို့သွားယူကြပြီး သောသီခိုတောင်သို့ ပျံတက်လာပြီး သောသီခို တောင်ကို သုံးကြိမ်ပတ်ပျံသန်းပြီး သန့်ရှင်းသည့် တောင်ထိပ်သို့ရောက်အောင် တက်ကြသည်။ ထို့နောက် ငှက်ကြီးတို့သည် ငါးမျက်စိဖြင့် အလှူဒါန (အခွန်ပေး)ပြုပြီးသည့်အခါ ၎င်းတို့နေထိုင် ရာသို့ပျံသန်း ထွက်ခွာသွားလေသည်။

# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်သည် ကမ္ဘာ့ကုလသမဂ္ဂအဆင့် စံပြဂုဏ်ပြုဆုချီးမြင့်ခံ ရခြင်း

ဂေဟစနစ်သည် ဇီဝသက်ရှိမျိုးကွဲပေါင်းစုံရှင်သန်ရာအဓိက အချက်အခြာကျသည့် အရာဖြစ်ပြီး လက်ရှိအချိန်တွင် ကြီးမားသည့်စိန်ခေါ်မှုများကိုရင်ဆိုင်နေရပြီး လူသားတို့၏ စည်းလုံး စွာပူးပေါင်းပါဝင်မှုဖြင့်သာ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ဂေဟပတ်ဝန်းကျင်ကို အဓိက စိန်ခေါ်မှုပေးသည့် တစ်ခုနှင့်တစ်ခုချိတ်ဆက်မှုရှိသည့်အရာ (၃)ခုမှာ လေထုညစ်ညမ်းခြင်း၊ ဥတုရာသီပြောင်းလဲခြင်း နှင့် ဇီဝသက်ရှိဆုံးရှုံးခြင်းတို့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာပူပင်သောကဖြစ်ရသည့် ခြိမ်းခြောက်မှုဖြစ်သည်။



ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ခြိမ်းခြောက်မှုအန္တရာယ်ကို ဖြေလျှော့နိုင်ရန် ကရင်ဌာနေ တိုင်းရင်းသား၊ သောသီတောအူး ဌာနေလူမျိုးစုများဥယျာဉ်သည်လည်း အဓိကအရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေပါသည်။ ဘိုးဘွားပိုင်မြေ "ကော်"များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ရန်အတွက် တောရိုင်းတိရစ္ဆာန်များကို ပြန်လည်စီမံခန့်ခွဲရန် ဒေသခံသစ်တောကြိုးဝိုင်း၊ သစ်တောကြိုးဝိုင်း၊ ဘေးမဲ့တောရိုင်းတိရစ္ဆာန်သစ်တောကြိုးဝိုင်းများကို တည်ဆောက်ခြင်း၊ မြေချောင်းများကာကွယ်ထိန်းသိမ်းရန် မြစ်လက်တက်များကို ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းစဉ် များသည် ကမ္ဘာ့ကုလသမဂ္ဂ၏ သဘာဝပတ်ဝန်းကျင်စီမံကိန်းဖြစ်သည့် "သဘာဝတရားအခြေပြုအဖြေရှာခြင်း" လုပ်ငန်းစဉ်ကို





ဖြည့်ဆည်းလိုက်နာသည့်သဘောဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို စီမံထိန်းသိမ်းခြင်း နှင့် ပြုပြင်ခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းဆိုင်ရာခြိမ်းခြောက်မှုကို လျှော့ချခြင်းဖြစ်သည်။

"ကော်" သည် ဌာနေတိုင်ရင်းသားလူမျိုးများတို့၏ ရိုးရာထုံးတမ်းဓလေ့ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ယုံကြည်ကိုးကွယ်မှုတန်ဖိုးထားသည့် လုပ်ငန်းစဉ်အပေါ်အခြေခံသည်။ "ကော်" ၏ အဓိပ္ပါယ်မှာ "နယ်မြေဒေသ" သို့မဟုတ် "တိုင်းပြည်/နိုင်ငံ" ဖြစ်သည်။ "ကော်" နယ်မြေတစ်ခုအတွင်းတွင် သစ်တော၊ မြစ်၊ ယုံကြည်ကိုးကွယ်မှု နှင့် အထွက်အမြတ်ထားရာနေရာ၊ ဌာနေတိုင်းရင်းသားများ၏ အုပ်ချုပ်စီမံမှုသွင်ပြင်လက္ခဏာ နှင့် ဌာနေတိုင်းရင်းသားတို့၏ ထုံးတမ်းဓ လေ့ နားလည်ခြင်းတို့ ပါဝင်ပါသည်။ "ကော်"အုပ်ချုပ်စီမံမှုရှိသည့်အတိုင်း၊ ဒေသခံဌာနေတိုင်းရင်း သားများသည် ၎င်းတို့၏ နယ်မြေအတွင်းရှိ ရှိသမျှအရာအားလုံးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် "ကော်"ဟူသည်မှာ ဌာနေတိုင်ရင်းသားများအတွက် နယ်မြေဒေသ ဖြစ်ပြီး ထိုနယ်မြေရှိသဘာဝပတ်ဝန်းကျင်ကို စီမံအုပ်ချုပ်ခြင်းဖြစ်သည်။

"ဇီဝသက်ရှိများဖြင့်ပြည့်ဝသောဒေသ"ဟူ သော ဘိုးဘွားပိုင်မြေများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် စုပေါင်းစည်းလုံးမှုဖြင့် စတင်ပြောဆို ဆွေးနွေးတိုင်ပင် လုပ်ငန်းစဉ်ချမှတ်လာခဲ့သည်မှာ ၂၀၁၉ခုနှစ်ကတည်းကပင်ဖြစ်ပြီး "ကော်" နှင့်ပတ်သက်သော အစီအမံကို အကောင်အထည်ဖော်ရာတွင် သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်တွင် "ကော်" နေရာ (၂၃) နေရာကို အကောင်အထည်ဖေါ်သတ်မှတ်လာနိုင်ခဲ့ပြီး ထိုအထဲတွင် (၄)နေရာ သည် ကေအဲန်ယူဗဟိုဌာနချုပ်မြေယာ ကော်မတီ၏ အသိအမှတ်ပြုခြင်းကို ဧပြီလ၊ ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့ ပါသည်။

ယနေ့ကမ္ဘာလုံးဆိုင်ရာ ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင် ခြိမ်းခြောက်မှု နှင့် ဥတုရာသီပြောင်းလဲမှုတို့ကို အံတုရန်၊ နေ့စဉ်စားဝတ်နေရေးဖူလုံမှုရှိရန်အတွက် သောသီတောအူး ဌာနေလူမျိုးစုများဥယျာဉ်အတွင်းရှိ ကရင်ဌာနေတိုင်းရင်းသားတို့သည် လုပ်ဆောင်နေလျက်ရှိပြီး နေ့ရှည်ပင်များဖြစ်သော ဖာလာ၊ ကွမ်းသီး၊ ဒူးရင်း၊ ဒညင်း၊ သရက်၊ အုန်း၊ မရမ်းချဉ်၊ မရမ်းချို၊ ပိန္နဲ၊ ကွမ်း၊ ကော်ဖီ၊ လက်ဖက်၊ ကြက်မောက်၊ သံပုရာ၊ ရှောက်၊ နာနတ် စသည့် သစ်တောခုတ်ရှင်းရန်မလို သည့်

အတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေသည်။ ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ထွန်းသည့်အ ကျိုးကျေးဇူးမှာ အရိပ်ရပင်ကို ရှင်သန်ပေါက်ဖွားလာစေခြင်းနှင့် ကာကွယ်ခြင်းစောင့်ရှောက်ခြင်း ကို ဖြစ်ပေါ်စေပြီး တောရိုင်းတိရစ္ဆာန်များအတွက် အရိပ်ရစေကာ ဇီဝသဘာဝပတ်ဝန်းကျင်ရှင်သန်လည်ပတ်မှုကို မြင့်တက်တိုးတက်လာစေသကဲ့သို့ မြေဆီမြေနှစ်များကိုလည်း သဘာဝတရားအတိုင်း သဘာဝသစ်ရွက်ဆွေးများမှ ပြန်လည် ပြုပြင်ပေးခြင်း၊ မြစ်ရေများကိုလည်း ပြန်လည် ကောင်းမွန်ပေးခြင်း၊ မိုးရွာနှုန်းကိုလည်း မှန်ကန်စေခြင်း၊ ဥတုရာသီပြောင်းလဲမှုကိုလျော့ကျစေခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုကိုလည်းလျော့ကျစေခြင်းစသည့်အကျိုးကျေးဇူးများဖြစ်ပေါ်စေသည်။

အသက်မွေးဝမ်းကြောင်းအတွက် အဖြေရှာရာတွင် ဤကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံ ခြင်းသည် ဒေသခံဌာနေကရင်တိုင်းရင်းသားတို့၏ လူမှုစားဝတ်နေမှုဖူလုံရေးသာမက မီးဖိုချောင်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအထိ အထူးသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုကိုဖြစ်စေသည့် ဇီဝမျိုးကွဲဆုံးရှုံးမှုနှင့် ဥတုရာသီပြောင်းလဲမှု လျော့ချ ရေးအတွက်လည်း အကျိုးပြုစေသည်။

ဇီဝမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဟုဆိုရာတွင် ကျေးငှက်များ၊ တွားသွားသတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ဆေးဝါးပင်များ၊ သစ်ပင်ဝါးပင်များ၊ မြစ်ရေမြစ်ချောင်းမြစ်လက်တက်များစသည့်အရာများအတွက်သောသီတောအူးဌာနေလူမျိုးစုများ









ဉယျာဉ်တွင် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရန် ဘေးမဲ့တောရိုင်းတိရစ္ဆာန်သစ်တော (၁)ခု၊ သစ်တောကြိုးဝိုင်း (၆)ခု၊ ဒေသခံကြိုးဝိုင်း (၄)ခု၊ မြစ်လက်မြစ်ခက်များကာကွယ်ထိန်းသိမ်းခြင်းနေရာ (၇) ခုအပါအဝင် မြစ်ကမ်းများပြုပြင်ထိန်းသိမ်းရေးများလည်းပါဝင်သည်။ သောသီတောအူးဌာနေလူမျိုးစုများ ဉယျာဉ်သည် ဇီဝသက်ရှိများအားလုံး၏လွတ်မြောက်ရာနယ်မြေဖြစ်သည့်အပြင်၊ ဉတုရာသီပြောင်း လဲခြင်းနှင့် ခြိမ်းခြောက်မှုကို အဓိက လျှော့ချပေးသည့်အရေးကြီးနေရာတစ်နေရာအဖြစ် တည်ရှိ နေသည်။

သောသီတောအူးဌာနေလူမျိုးစုများဉယျာဉ်အတွင်းရှိ ဌာနေလူမျိုးစုများတို့၏ စုပေါင်း စည်းလုံးစီမံခန့်ခွဲမှု နှင့် ရေရှည်ကြံ့ခိုင်နိုင်မှုကြောင့် ဒေသတွင်း သက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စားဝတ်နေရေးဖူလုံမှု၊ ဆင်းရဲမွဲတေမှုလျှော့ချခြင်း၊ လူမှုဘဝလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည့်တံခိုင်မာရေးကို တိုးတက်မြင့်မားလာစေသည့်အတွက် ဇူလိုင်လ (၂၆)ရက်၊ (၂၀၂၃)ခုနှစ်တွင် ကုလသမဂ္ဂ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ၏ သဘာဝပတ်ဝန်းကျင်၊ ပင်လယ်၊ ပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဌာနေတိုင်ရင်းသားအသိပညာ၊ မြစ်ချောင်း အင်းအိုင်လည်ပတ်မှုဆိုင်ရာ အစီအစဉ်အောက်တွင် သောသီတောအူးဌာနေလူမျိုးစုများ ဉယျာဉ်ကို “ရေမြေစိမ်းလန်းတိုင်းပြည်” ဆုကို ၎င်းဌာနေကရင်တိုင်းရင်းသားများမှ သဘာဝပတ်ဝန်းကျင် ဆိုင်ရာရေရှည်တည်တံ့ခိုင်မာရေးအတွက် စံပြကောင်းဖြင့် လုပ်ဆောင်နိုင်သောကြောင့် ဂုဏ်ပြုဆုချီးမြင့်ခဲ့သည်။ ဤအရာသည် ကမ္ဘာ့ကုလသမဂ္ဂအဆင့် အသိအမှတ်ဂုဏ်ပြုမှုကြောင့် ထောက်ပံ့မှု၊ သတင်းမီဒီယာများပူးပေါင်းလုပ်ဆောင်အားကောင်းလာခြင်း၊ အစိုးရသတင်းဌာန (လွတ်လပ်သော အသင်း) နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းလှူဒါန်းနိုင်မှုအတွက် အခွင့်အရေးပလက်ဖောင်းတစ်ခုကို ဖြစ်စေခဲ့ သည်။[၂]

---

[၂] https://www.unesco.org/en/articles/thawthi-taw-oo-indigenous-park-ttip





## သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်နှင့်ပတ်သက်သည့်အကြောင်းအရာအနှစ်ချုပ်

*ဌာနေတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကျင့်သုံးရာတွင် ကိုယ်ပိုင်အုပ်ချုပ်သည့်အခွင့်အာဏာ (သို့မဟုတ်) ကိုယ်ပိုင်အစိုးရအဖြစ်အုပ်ချုပ်ရေး၏ အတွင်းရေး၊ ဒေသန္တရအရေးအတွက် ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းစီမံဆောင်ရွက်နိုင်သည်။*

ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများဆိုင်ရာအခွင့်အရေးကြေငြာစာတမ်း အပိုင်း (၄)

# သောသီတောအူးဌာနေလူမျိုးစုများဥယျာဉ်

"သောသီတောအူး ဌာနေလူမျိုးစုများ ဥယျာဉ်သည် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ချဉ်းကပ်မှုမှတစ်ဆင့် လူမှုအသိုက်အဝန်းများ၏ မျှော်မှန်းချက်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို မျှော်မှန်းသည့် အုပ်ချုပ်မှုစနစ် ဖြင့် တည်ဆောက်သော အသိုက်အဝန်းတစ်ခုဖြစ်သည်"

## လူဦးရေ

၁၀,၀၅၄ ဦး




## ဌာနေလူမျိုးစုများ

၁ ကညောဝါး
၂ ကယ်ဘါး
၃ ပကူး
၅ မိုနေဘွာ
၄ မိုဘွာ
၆ ဘွဲ

## မြေပုံဧရိယာအကျယ်အဝန်း

၁,၄၂၁,၉၆၇ ဧက





ဌာနေလူမျိုးစုများ၏ကျေးရွာ
၃၂၀ လုံး



တိုင်းတာပြီးကော်အရေအတွက်
၂၃ ခု



ရေဝေရေလဲဧရိယာ
၇ ခု



သစ်တောကြိုးဝိုင်း
၆ ခု



ဒေသခံသစ်တောကြိုးဝိုင်း
၄ ခု



ဘေးမဲ့တော
၁ ခု

